ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ
ပို့ဆောင်ရေးနှင့်ဆက်သွယ်ရေးဝန်ကြီးဌာန
ရေကြောင်းပို့ဆောင်ရေးညွှန်ကြားမှုဦးစီးဌာန
(ရေကြောင်းအန္တရာယ်ကင်းရှင်းရေး၊ လုံခြုံရေးနှင့် ပတ်ဝန်းကျင်ထိန်းသိမ်းရေးဌာနခွဲ )

စာအမှတ်၊ SSE/NM/၀၁၃ /၂၀၁၇
ရက်စွဲ၊၂၀၁၇ - ခုနှစ်၊ ဩဂုတ်လ (      ) ရက်။

အကြောင်းအရာ။ **ရေကြောင်းသတိပေးချက် ထုတ်ပြန်ခြင်းကိစ္စ။**

ရည် ညွှန်း ချက် ။ ပို့ဆောင်ရေးနှင့်ဆက်သွယ်ရေးဝန်ကြီးဌာန၏ (၁၁.၀၈.၂၀၁၇) ရက်စွဲပါ စာအမှတ်၊ ပဆ- (၃)/(Notice-DMA)/၂၀၁၇(၁၀၁)

၁။ အထက်အကြောင်းအရာပါကိစ္စနှင့်ပတ်သက်၍ မြန်မာ့ရေနံနှင့်သဘာဝဓာတ်ငွေ့လုပ်ငန်းနှင့် ရေနံရှာဖွေတူးဖော်ရေး လုပ်ငန်းများတွင် အကျိုးတူပူးပေါင်းဆောင်ရွက်လျက်ရှိသော Woodside Energy (Myanmar) Pte Ltd. သည် ကမ်းလွန်လုပ်ကွက်အမှတ် AD-7 တွင် တွင်းတူးဖော်ရေးလုပ်ငန်းများကို Ultra-Deepwater Drillship "DHIRUBHAI DEEPWATER KG2" (Call Sign : V7PW7) ဖြင့် (၀၄.၀၉.၂၀၁၇) ရက်နေ့မှ (၂၄.၁၁.၂၀၁၇) ရက်နေ့အထိ ဆောင်ရွက်သွားမည် ဖြစ်ပါသည်။

၂။ ရေနံတွင်းတူးစက် Ultra-Deepwater Drillship "DHIRUBHAI DEEPWATER KG2" ဖြင့် တူးဖော်မည့် တွင်းတည်နေရာများ၏ Coordinates မှာ အောက်ပါအတိုင်း ဖြစ်ပါသည်-

| Well Name | Latitude | Longitude |
|---|---|---|
| Khayang Swal-A | 19° 36′ 55.006″ N | 91° 54′ 32.256″ E |
| Thalin Nyo-A | 19° 47′ 55.001″ N | 91° 50′ 21.642″ E |

၃။ သို့ဖြစ်ပါ၍ တွင်းတူးဖော်ရေးလုပ်ငန်းများကို (၀၄.၀၉.၂၀၁၇) ရက်နေ့မှ (၂၄.၁၁.၂၀၁၇) ရက်နေ့အထိ လုပ်ငန်းဆောင်ရွက်နေစဉ် လုပ်ငန်းကြန့်ကြာမှု မဖြစ်ပေါ်စေရေးအတွက် အထက်ဖော်ပြပါ လုပ်ငန်းဆောင်ရွက်မည့် တွင်းတည်နေရာဧရိယာမှ (၅၀၀) မီတာ ပတ်လည် အတွင်း သင်္ဘောကြီးငယ်များ၊ ကုန်တင်စက်လှေများ၊ ငါးဖမ်းသင်္ဘောများ၊ စက်တပ်သမ္ဗာန်များ

ဖြတ်သန်းသွားလာခြင်းနှင့် ကျောက်ချရပ်နားခြင်း၊ ငါးဖမ်းခြင်း၊ ငါးဖမ်းကိရိယာများ ချထားခြင်း မရှိစေရန် ရေကြောင်းသတိပေးချက် (Notice to Mariners) အား ထုတ်ပြန်ကြေညာအပ်ပါသည်။

ညွှန်ကြားရေးမှူးချုပ်(ကိုယ်စား)
ကိုကိုနိုင်-ညွှန်ကြားရေးမှူး(SSE)